
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 1931 - 1950)
စာစဉ်–၉၉

# အပိုင်း ( ၁၉၃၁ )

" ရှင်းအာ ငါရှင်းပြတာ သေချာနားထောင် "

ဖန်ရှောင်ယု ကမန်းကတန်းရှင်းပြလိုက်၏။

တစ်ခုခုတော့မှားနေချေပြီ။ ထျန်းမန်ဂိုဏ်းက တိမ်တိုက်မြူခိုးနန်းတော်ကို တိုက်ခိုက်ပြီးတော့ ဘင်းယန်အား ဖမ်းခေါ်ကာ အရှက်ရစေခဲ့သည်။ ထိုထဲတွင် တစ်စုံတစ်ခုက ထူးဆန်းနေ၏။

သို့သော် သူရှင်းပြရန် ကြံလိုက်သည့် အချိန်မှာပင် ရုတ်တရက် အနက်ရောင်ပုံရိပ်တစ်ခုက ဟင်းလင်း ပြင်အား ဖောက်ထွက်လာကာ သူ့အား တိုက်ခိုက်လာသည်။

" အား "

ထိုအနက်ရောင်ပုံရိပ်၏ တိုက်ခိုက်မှုက အလွန်ပင် မြန်ဆန်လွန်းလှကာ သူ၏ အော်ရာအရှိန်အဝါကို ဖုံးကွယ်ထားနိုင်ခဲ့ပြီး ဖန်ရှောင်ယုကလည်း မုယောင်ဘင်းယန်အား စိုးရိမ်နေခြင်းဖြစ်သဖြင့် ထိုတိုက်ကွက်အား အချိန်မီလွတ်အောင် မရှောင်တိမ်းနိုင်ခဲ့ပေ။

သူ၏ရင်ဘက်တွင် ပြတ်ရှရာတစ်ခု ထွက်ပေါ်လာပြီး ဒဏ်ရာမှသွေးများစီးကျလာ၏။

တိုက်ခိုက်လာသူမှ မည်သူမှန်းသိသွားလျှင် ဖန်ရှောင်ယု အလွန်ပင်ဒေါသထွက်သွားသည်။

" အဲ့တာက မင်းပဲ၊ ဟုတ်တယ် ဒါတွေအားလုံးက မင်းတို့ကမ္ဘာခြားနတ်ဆိုး မျိုးနွယ်တွေရဲ့ အကြံအစည်ပဲနေမှာ "

ဖန်ရှောင်ယု ခိုးဝင်တိုက်ခိုက်သူကို မြင်သော အခါ ဒေါသတကြီးဖြင့် ပြောလိုက်၏။

သူနှင့် ရှင်းအာ၏ အကြောင်းကို သိရှိသူမှာ ကမ္ဘာခြားနတ်ဆိုးမျိုးနွယ်များသာ ရှိသည်။

ထို့အပြင် ထိုကမ္ဘာခြားနတ်ဆိုးမျိုးနွယ်များနှင့် ပူးပေါင်းလိုက်ကတည်းက ရှန်ကွမ်ရှင်းအာ၏ ပုံစံက ပြောင်းလဲသွားပြီး သူ့ကိုလည်း အသိအမှတ်မပြုတော့ချေ။

" မင်းတို့အားလုံး သေသင့်တယ် "

ဖန်ရှောင်ယု ဒေါသထွက်လာပြီး အင်ပါယာဓားကိုမြှောက်ကာ ပိုင်းချလိုက်၏။ ဓားအလင်းသည် ကောင်းကင်ထက်တွင် ပေါက်ကွဲသွားပြီး ကြောက်မက်ဖွယ် ဓားချက်က ထိုအနက်ရောင်ပုံရိပ်ဆီသို့ တိုးဝင်သွားသည်။

" အုန်း "

ဖန်ရှောင်ယု၏ ဓားစွမ်းအားသည် ထိုအနက်ရောင်ပုံရိပ်အား ပိုင်းဖြတ်သွားခဲ့သော်လည်း ချက်ချင်းဆိုသလိုပင် ထိုအနက်ရောင်ပုံရိပ်က တစ်ဖန်ပြန်လည်၍ စုစည်းသွားကာ လူသားအသွင်သို့ ပြောင်းလဲသွား၏။

" ဖန်ရှောင်ယု မင်းက ငါတို့ကမ္ဘာခြား နတ်ဆိုးမျိုးနွယ်တွေကို သတ်တယ်၊ မိုမိသားစု ဘိုးဘေးသင်္ချိုင်းကိုလဲ ဖျက်ဆီးခဲ့တယ်၊ အခုကျောင်

မိသားစု ဘိုးဘေးနယ်ပယ်ကိုလဲ ဖျက်ဆီးလိုက်ပြီးတော့ ပြန်လည်ဝင် စားခြင်း ယစ်ပုလ္လင်ကိုလဲ ဖျက်ဆီးခဲ့တယ်၊ ဒီနေ့ငါမင်းကို မသတ်ရဘူးဆိုရင် ငါ ကမ္ဘာခြားနတ်ဆိုးမျိုးနွယ်ရဲ့ ခေါင်းဆောင်မလုပ်တော့ဘူး "

ထိုအနက်ရောင်ပုံရိပ် ဒေါသထွက်စွာဖြင့် ပြောလိုက်ပြီး သူ၏ ခန္ဓာကိုယ်ပေါ်မှ နတ်ဆိုးစွမ်းအားများက ကြောက်မက်ဖွယ်ကောင်းစွာ ထွက်ပေါ်လာ၏။ ထိုနတ်ဆိုးစွမ်းအားများ အားလုံးက ကောင်းကင်ကြီးကို ဖုံးလွှမ်းသွားသလို ဖန်ရှောင်ယုကိုလည်း ချက်ချင်းပင် ဖုံးလွှမ်းသွားသည်။

" လူ မဟုတ်တဲ့ တစ္ဆေကောင်က ငါ့ကို သတ်မယ်ဟုတ်လား "

ဖန်ရှောင်ယုသည် အင်ပါယာဓားအား ကိုင်ဆောင်ထားခဲ့ကာ သူ၏ ခန္ဓာကိုယ်မှ ခမ်းနားသော အင်ပါယာအငွေ့ အသက်များ တောက်ပစွာ ထွက်ပေါ်လာသည်။ ထို့နောက် သူ့အား ဖုံးလွှမ်းလာသော နတ်ဆိုးစွမ်းအင်များ အားလုံးကို မျက်နှာမူလျှက် ကြောက်မက်ဖွယ် ဓားချက်များကို ခုတ်ပိုင်းလိုက်၏။

" အုန်း အုန်း အုန်း "

ဖန်ရှောင်ယု ဓားချက်များကို ရိုးရိုးရှင်းရှင်းလေးသာ ခုတ်ပိုင်းလိုက်ခြင်းဖြစ်သည်။ မည်သည့် အံ့သြစရာကောင်းသည့် လှုပ်ရှားမှုနည်းစနစ်မှ ပါဝင်ခြင်းမရှိပေ။ သို့သော် ပေါက်ကွဲထွက်လာသည့် စွမ်းအားက မကြုံစဖူး အလွန် ကြောက်မက်ဖွယ်ကောင်းလှ၏။

ထိုဓားချက်၏ အောက်တွင် လောက၏ ကောင်းကင်တာအို စည်းမျဥ်းများဖြစ်စေ၊ ကောင်းကင်တာအို ကိုယ်တိုင်ဖြစ်စေ အကုန်လုံး ပျောက်ကွယ်သွားပြီး ထိုဓားချက်၏ အောက်တွင် ဖိနှိပ်ခြင်း ခံလိုက်ရသည်။

" ရှီး "

ကြောက်မက်ဖွယ် အော်မြည်သံနှင့်အတူ မရေတွက်နိုင်သော နတ်ဆိုး စွမ်းအင်များ အားလုံး ဓားချက်၏ အောက်တွင် လွင့်ထွက်ကာ ပျက်စီး သွား၏။

ကောင်းကင်အား ဖုံးလွှမ်းထားသော နတ်ဆိုးစွမ်းအင်များ အားလုံးက တစ်ခဏချင်းပင် ဓားချက်၏ အောက်၌ လေထုထဲ လွင့်ပါသွားသော တိမ်တိုက်လေးလို ပျက်ပြယ်သွား သည်။

" အင်ပါယာဓား "

ထိုစွမ်းအားက ဖန်ရှောင်ယု ကိုင်ဆောင်ထားသော အင်ပါယာဓားမှ ထွက် ပေါ်လာသည့် စွမ်းအားဖြစ်၏။

ရှေးခေတ်ကဆိုလျှင် ကောင်းကင်အင်ပါယာတစ်ပါးက အင်ပါယာဓားကို ကိုင်ဆောင်၍ ကမ္ဘာကြီးတစ်ခုလုံးကိုပင် ဖျက်ဆီးနိုင်သည့် ခွန်အားကို ပိုင်ဆိုင်ခဲ့သည်ဟု ဒဏ္ဍာရီများတွင် ဖော်ပြထားသည်။

ဖန်ရှောင်ယု ရှေ့သို့တစ်လှမ်းချင်း တိုးလာကာ ဓားတွင် အင်ပါယာ တစ်ပါး၏ အငွေ့အသက်များ ထွက်ပေါ်လာ၏။ ထို့နောက် ဓားက အနက် ရောင် ပုံရိပ်ဆီသို့ ထပ်မံ၍ ကျဆင်းသွားပြန်သည်။

ယခုဓားချက်က အလွန် တိတ်ဆိတ်စွာဖြင့် အနက်ရောင်ပုံရိပ်ဆီသို့ ကျ ဆင်းသွားခြင်းဖြစ်၏။

ဓားချက်ထွက်ပေါ်လာသည့် အချိန်တွင် ကောင်းကင်နှင့် မြေကြီးကြားရှိ တောက်ပမှုများအားလုံး ည အချိန်ကျရောက် သွားသကဲ့သို့ ချက်ချင်း ပျောက်ကွယ်သွားသည်။ ထိုဓားတစ်ခုတည်းတွင်သာ အ လင်းတန်းအရင်း အမြစ်များအားလုံး စုပြုံနေ၏။

" ကောင်းကင်ဘုံ နယ်ပယ် "

အနက်ရောင်ပုံရိပ် တုန်လှုပ်သွားပြီး ဖန်ရှောင်ယုအား ကြောင်အစွာ ကြည့်လိုက်သည်။

" မဟုတ်နိုင်ဘူး ဒါက ကောင်းကင်ဘုံ နယ်ပယ် မဟုတ်ဘူး၊ ဒီကမ္ဘာကြီးက ကျင့်ကြံခြင်း အဆင့်ကို ဖိနှိပ်ထားတယ်၊ ဒီကမ္ဘာမှာ ဘယ်သူမှ ကောင်းကင်ဘုံနယ်ပယ်ကို ဝင်ရောက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ မင်းက ကောင်းကင်ဘုံ နယ်ပယ်ရဲ့တံခါးကို ထိတွေ့မိထားတာပဲ "

ထို့နောက် အနက်ရောင်ပုံရိပ် အေးစက်စွာဖြင့် ထပ်မံ၍ ပြောလိုက်၏။

" ဟမ့် လူမဟုတ်တဲ့ တစ္ဆေကောင်၊ မင်းကိုသတ်ပစ်ဖို့က ဒီအဆင့်က လုံလောက်ပြီ "

ဖန်ရှောင်ယုသည် လှောင်ပြောင်ကာ ပြောလိုက်၏။ သူ၏လက်ရှိအဆင့်က သိုင်းကုန်းမြေတိုက်ကြီးတွင် အမြင့်ဆုံးအဆင့်ဖြစ်သည်။

သူ၏ ဓားချက်ကျဆင်းလာသောအခါ ကမ္ဘာကြီး တိတ်ဆိတ်သွားပြီး အရာအားလုံး ပြိုလဲတော့မလို တုန်ခါလာ၏။

" ဟမ့် မင်းက ကောင်းကင်ဘုံနယ်ပယ်ကို မရောက်သေးဘဲနဲ့ ငါ့အရှေ့မှာ လာပြီးတော့ မာနကြီးပြနေတယ်ပေါ့ "

အနက်ရောင်ပုံရိပ်မှ ဒေါသတကြီးအော်ဟစ်သံ ထွက်ပေါ်လာပြီး နတ်ဆိုးစွမ်းအင်များအားလုံးက သူ့အားလွှမ်းခြုံသွားကာ ပေတစ်ရာခန့်မြင့်သော ကမ္ဘာခြားနတ်ဆိုး၏ ခန္ဓာကိုယ်ကြီး ထွက်ပေါ်လာသည်။

ထိုခန္ဓာကိုယ်မှ ငရဲမှထွက်လာသည့် ဆိုးယုတ်သော အော်ရာအငွေ့အသက်များက စိမ့်ထွက်လာ၏။

ထို့နောက် ထိုကမ္ဘာခြားနတ်ဆိုး သူ၏လက်ဖြင့် ဖန်ရှောင်ယု၏ ဓားအား ကာဆီးလိုက်သည်။

" အုန်း အုန်း အုန်း "

နတ်ဆိုးစွမ်းအားများက နံရံများဖန်တီးကာ ဖန်ရှောင်ယု၏ ဓား လမ်းကြောင်း အကုန်လုံးကို တားဆီးထား၏။

ဖန်ရှောင်ယုသည် ဓားချက်က နတ်ဆိုးစွမ်းအင် အကာအကွယ်အလွှာများ တစ်ခုပြီးတစ်ခုကို ပိုင်းဖြတ်သွားရင်း ဓားချက်က နှေးကျလာသည်။

ဖန်ရှောင်ယု၏ မျက်လုံးများ မှေးစင်းသွား၏။

" အုန်း "

ချက်ချင်းပင် သူ၏ ခန္ဓာကိုယ်မှ ချီစွမ်းအားများ ပေါက်ကွဲထွက်လာခဲ့ကာ ဓားမှ အဆုံးမဲ့သက်တန့်အလင်းတန်းများ ထွက်ပေါ်လာ၏။ ထို့နောက် ဓား ချက်၏ စွမ်းအားက ပိုမို၍ နှစ်ဆပြင်းထန်သွားကာ ကမ္ဘာခြားနတ်ဆိုး၏ အကာအကွယ်အလွှာကို စတင်ထိုးဖောက်တော့သည်။

" အုန်း "

ထို့နောက် အင်ပါယာဓားနှင့် အနက်ရောင်လက်ကြီး ထိပ်တိုက်တွေ့ဆုံ သွားကြ၏။

" ခလွမ်း "

မီးပွားများ ဖြာထွက်သွားပြီး ထိုအနက်ရောင်လက်ကြီးတွင် ကြီးမားသော ဓားဒဏ်ရာကြီး ထွက်ပေါ်လာခဲ့သော်လည်း ဓားချက်က ထိုလက်အား ပိုင်းဖြတ်နိုင်ခြင်းမရှိခဲ့ပေ။ ထိုလက်က အရိုးများနှင့် ထိသွားသည့် အချိန် တွင် သံလက်ကြီးကို ထိမိသွားသလို မီးပွားများ အဆက်မပြတ် ပေါက်ကွဲ ထွက်လာသည်။

" ဘာ "

ဖန်ရှောင်ယု အံ့ဩသွား၏။

" ဂျိ ဂျိ ဂျိ မင်းရဲ့အဆင့်လောက်နဲ့ ငါ့ကို ဒဏ်ရာရစေချင်တာလား "

ထိုအနက်ရောင်ပုံရိပ်သည် ကျယ်လောင်စွာရယ် မောလိုက်ပြီး ကြောက်မက်ဖွယ် ဝိညာဥ်စွမ်းအား လှိုင်းလုံးကြီးက ဖန်ရှောင်ယု၏ ခန္ဓာကိုယ်သို့ တိုးဝင်လာ၏။

" အင်ပါယာ တံဆိပ် အကာအကွယ် "

ဖန်ရှောင်ယု၏ ခန္ဓာကိုယ်မှ အင်ပါယာအငွေ့အသက်များ သိပ်သည်းစွာ ထွက်ပေါ်လာပြီး သူ၏ခန္ဓာကိုယ်တစ်ခုလုံး ဖုံးလွှမ်းသွားသည်။

" အုန်း အုန်း အုန်း "

ကမ္ဘာခြားနတ်ဆိုး၏ စိတ်ဝိညာဥ်စွမ်းအားက အလွန်ကြောက်မက်ဖွယ် ကောင်းလှ၏။ အင်ပါယာ စည်းတံဆိပ် အကာအကွယ်အား ထုတ်ဖော်ထား တာတောင်မှ ထိုဝိညာဥ်စွမ်းအား လှိုင်းလုံးကြီးအောက်တွင် အင်ပါယာ စည်းတံဆိပ်က တုန်ခါလာသည်။

နှစ်ဖက်စလုံးက ရှေ့တိုးနိုင်ခြင်းမရှိသလို နောက်ဆုတ်လို့လည်း မရသည့် အခြေအနေဖြစ်နေ၏။

" ရပ်လိုက်တော့ "

ရှန်ကွမ်းရှင်းအာ သည်းခံနိုင်ခြင်းမရှိတော့ပဲ အေးစက်စွာဖြင့် အော်ပြော ကာ သူမ၏ သွယ်လျသော လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်သည်။ ကြယ် မြစ်ကြီး တစ်စင်းက ကောင်းကင်မှ ကျဆင်းလာပြီး ထိုနှစ်ယောက်၏ တိုက် ကွက်မှုအလယ်သို့ ဝင်ရောက်သွား၏။

" အုန်း "

ပုံရိပ်သုံးခု တပြိုင်နက်တည်း လွင့်ထွက်သွားသည်။

တစ်ချိန်တည်းမှာပင် ဖန်ရှောင်ယုသည် စောစောက ရရှိခဲ့သော ဒဏ်ရာမှ

စူးရှသော နာကျင်မှုကို ခံစားလိုက်ရ၏။

" အမ် ... ဒီစွမ်းအားက "

သူ၏ မျက်နှာက သိသိသာသာကို ပြောင်းလဲသွားသည်။

ထိုအနက်ရောင်ပုံရိပ်နှင့်ကောင် အလစ်တိုက်ခိုက်ချိန်က ရရှိခဲ့သော ဒဏ်ရာမှ သူ၏ ခန္ဓာကိုယ်သို့ စွမ်းအားတစ်ခု စိမ့်ဝင်လာနေခြင်း ဖြစ်၏။

" မင်း .. ခွေးမသား "

ဖန်ရှောင်ယု ဒေါသထွက်သွားကာ ဓားအားမြှောက်၍ အနက်ရောင်ပုံရိပ်အား ပိုင်းချလိုက်သည်။

" လုံလောက်ပြီ "

ရှန်ကွမ်းရှင်းအာသည် ဒေါသတကြီးအော်လိုက်ပြီး ဖန်ရှောင်ယု၏ ရှေ့တွင် ရပ်တန့်ကာ တားဆီးလိုက်၏။

" ရှင်းအာ မင်း ... "

ဖန်ရှောင်ယု သူ၏အရှေ့တွင်ပိတ်နေသော ရှင်းအာအားကြည့်ကာ မယုံကြည်နိုင်မှုများဖြင့် မျက်လုံးထဲ၌ နာကျင်မှုများ ထွက်ပေါ်လာသည်။ တစ်ချိန်ထဲမှာပင် သူ၏ ခန္ဓာကိုယ်ကလည်း ပြင်းပြင်းထန်ထန် ထိခိုက်လာသည်ဟု ခံစားလိုက်ရ၏။

" ကောင်းတယ် အရမ်းကောင်းတယ် "

သူအခြားမည်သည့်အရာမှ ဂရုမစိုက်တော့ပဲ ရှန်ကွမ်းရှင်းအာကို ကြည့်ကာ သူ၏ မျက်လုံးထဲတွင် နာကျင်မှုများ ထွက်ပေါ်လာသည်။ ထို့နောက် သူမည်သည့်အရာမှမပြောပဲ ဟင်းလင်းပြင်ထဲသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွား၏။

" ရှောင်ယု "

ရှန်ကွမ်းရှင်းအာ အော်ဟစ်ကာ ခေါ်လိုက်သည်။

သို့သော် ဖန်ရှောင်ယု လှည့်ကြည့်ခဲ့ခြင်းမရှိပေ။

" နန်းတော်သခင်မ သူ့ကိုသတ်မှရမယ် "

ကောင်းကင် နတ်ဆိုးသခင် အေးစက်စွာဖြင့် ပြောလိုက်ပြီး ဖန်ရှောင်ယု၏ အနောက်သို့လိုက်ရန် ပြင်၏။ သို့သော် ရှန်ကွမ်းရှင်းအာက သူ ၏ အရှေ့တွင် ပိတ်ရပ်ကာ တားဆီးခြင်းကို ခံလိုက်ရသည်။

" လုံလောက်ပြီ "

ရှန်ကွမ်းရှင်းအာ၏ ရင်ဘက်က ဒေါသများကြောင့် မို့ဖောင်းတက်နေပြီး သူ၏ မျက်လုံးထဲတွင် မုန်း တီးမှုများနှင့် ဒေါသနာကျင်မှုများ ပြည့်နှက်နေ၏။

***

## အပိုင်း ( ၁၉၃၂ )

" နင့်ကို အခုချက်ချင်း ရပ်ဖို့ပြောနေတာ ကြားတယ်မလား "

ရှန်ကွမ်းရှင်းအာ အနက်ရောင်ပုံရိပ်နှင့် လူအား ဒေါသတကြီး စိုက်ကြည့်ကာ ပြောလိုက်၏။

အနက်ရောင်ပုံရိပ်နှင့် လူ၏ အမူအရာက ချက်ချင်း အေးခဲသွားကာ သူ၏ ခန္ဓာကိုယ်မှ နတ်ဆိုးအော်ရာများ ထွက်ပေါ်လာသည်။

" ရှန်ကွမ်းရှင်းအာ ဖန်ရှောင်ယုက ငါတို့ကမ္ဘာခြားနတ်ဆိုး မျိုးနွယ်တွေကို သတ်တဲ့ပြင် ကျောင်မိသားစုမှာ တည်ဆောက်ထားတဲ့ ပြန်လည်ဝင်စားခြင်း ယစ်ပုလ္လင်ကိုလည်း ဖျက်ဆီးခဲ့တယ်၊ ဖန်ရှောင်ယုကို မသတ်လို့ ငါက ဘာလုပ်ရမှာလဲ "

" ဘာ ပြန်လည်ဝင်စားခြင်းယစ်ပုလ္လင် ပျက်စီးသွားပြီလား "

ထိုစကားအားကြားလျှင် ရှန်ကွမ်းရှင်းအာ ထိတ်လန့်သွား၏။ ပြန်လည်ဝင်စားခြင်း ယစ်ပုလ္လင်က မည်မျှအရေးကြီးသည် ဆိုတာကို သူမ ကိုယ်တိုင် သိသည်။

ထို့နောက် သူမ ခေါင်းခါရမ်းလိုက်ကာ ...

" ပြန်လည်ဝင်စားခြင်း ယစ်ပုလ္လင်က ပျက်စီးသွားရင်တောင်မှ ဒီနေ့

ဒါကို လုပ်လို့မရဘူး၊ ဖန်ရှောင်ယုက တော်တော်လေးကို ဒေါသထွက်နေတာ၊ ငါ့ရဲ့ တိမ်တိုက်မြူခိုး နန်းတော်နဲ့ ရွှမ်ယွမ်အင်ပါယာက တကယ် စစ်ပွဲဖြစ်ပွားနေတယ်လို့ နင် ထင်နေတာလား "

" ရှန်ကွမ်းရှင်းအာ ငါပြောသလိုပဲ ဖန်ရှောင်ယုက တကယ်ကို ဘာမှနားမလည်တဲ့ သောက်ရူးကောင်ပဲ၊ သူလုပ်ချင်ရာတွေ လိုက်လုပ်နေတာ ... သူ့ကြောင့် ငါတို့အစီစဉ်တွေလည်း အခုပျက်စီးနေရပြီ၊ ငါတို့ မျိုးနွယ်ထဲက ပိုပြီးသန်မာတဲ့ ကျင့်ကြံသူတွေသာ ထွက်လာမယ်ဆိုရင် ရွှမ်ယွမ်အင်ပါယာက ချက်ချင်း ဖျက်ဆီးခံရလိမ့်မယ် "

အနက်ရောင်ပုံရိပ် အေးစက်စွာဖြင့် ပြောလိုက်၏။

" သေချင်လို့လား "

ရှန်ကွမ်းရှင်းအာ မျက်လုံးများ အေးစက်သွားသည်။

" နင်ဘယ်သူ့ကို စကားပြောနေတယ်ဆိုတာသိလား၊ ဒီသခင်မကြောင့်သာ မဟုတ်ရင် နင်တို့ ကမ္ဘာခြားနတ်ဆိုး မျိုးနွယ်ဝင်တွေ အခုလို လူသားမျိုးနွယ်ထဲမှာ အထိုင်ကျနေမယ်လို့ ထင်လား "

" ရှန်ကွမ်းရှင်းအာ ငါလည်းပြန်ပြောချင်တာက နင် ငါတို့ကမ္ဘာခြားနတ်ဆိုး မျိုးနွယ်ပေါ်ကို အများကြီး ကြင်နာခဲ့ပေမဲ့ နင်လည်းအများကြီးပြန်ရခဲ့တာပဲ မဟုတ်လား၊ ငါတို့ကမ္ဘာခြားနတ်ဆိုး မျိုးနွယ်တွေကြောင့်သာ မဟုတ်ရင် တိမ်တိုက်မြူခိုးနန်းတော်က ဒီနေ့ဒီနေရာကို ရောက်မလာဘူး၊ ထပ်ပြီးတော့ သေချာပြောလိုက်မယ် နင်နဲ့ငါနဲ့က သခင်နဲ့ အစေခံမဟုတ်ဘူး၊ ပူးပေါင်းဆောင်ရွက်နေတဲ့ ဆက်ဆံရေးတစ်ခုပဲ "

အနက်ရောင်ပုံရိပ် အေးစက်စွာပြောကာ လှည့်ထွက်သွား၏။

" တောက် "

ရှန်ကွမ်းရှင်းအာ ဒေါသတကြီး တောက်ခေါက်လိုက်သည်။

ဒေါသများက အလွန် ပြင်းထန်စွာ ထွက်ပေါ်နေသောကြောင့် သူမ၏ ရင်ဘက်က မြင့်လိုက်နိမ့်လိုက်ဖြင့် ဖြစ်နေ၏။ သူမ၏ ခန္ဓာကိုယ်မှ ကြောက်မက်ဖွယ် သတ်ဖြတ်ခြင်း စွမ်းအားများ ပေါက်ကွဲထွက်လာသည်။

ထို့နောက် သူမ မည်သည့်အရာမှ မပြောတော့ပဲ ကျောင်မိသားစု ဘိုးဘေးနယ်မြေထဲသို့ ဆင်းသက်လိုက်၏။

" ဟမ့် လူသားမျိုးနွယ် နင်က အသုံးဝင်နေသေးတာကြောင့်သာ မဟုတ်ရင် နင်အခုလို ငါ့ရှေ့မှာတောင် ရပ်ပြီး စကားပြောနိုင်နေမယ် ထင်လား "

အနက်ရောင်ပုံရိပ် ဟင်းလင်းပြင်ထဲ၌ ပြန်လည်ထွက်ပေါ်လာပြီး ရှန်ကွမ်းရှင်းအာ၏ နောက်ကျောအား စိုက်ကြည့်ကာ သူ၏ မျက်လုံးများက ရက်စက်မှုများဖြင့် တောက်ပနေသည်။

ရှန်ကွမ်းရှင်းအာသည် ကျောင်မိသားစု ဘိုးဘေးနယ် မြေထဲသို့ ပြန်လည်ရောက် ရှိလာသည်နှင့် တပြိုင် နက် ကျောင်ဒိုရန်း အပါအဝင် ရှိနေသူများအားလုံးက ဒူးထောက်ချလိုက်ကြ၏။

" သခင်မကို ဂါရဝပြုပါတယ် "

" ထတော့ "

ရှန်ကွမ်းရှင်းအာ ပျက်စီးလုနီးပါးဖြစ်နေသော ကျောင်မိသားစု ဘိုးဘေးနယ်မြေကြီးအားကြည့်ကာ သူမ၏ ဒေါသများက ပိုမို၍ ထွက်လာသည်။

ယခုအချိန်တွင် တိမ်တိုက်မြူခိုးနန်းတော်က တော်တော်လေးကို ဆုံးရှုံးမှုကြီးမားနေချေပြီ။

" ကျောင်ဒိုဝမ်နဲ့ အခြားလူတွေက ဘယ်မှာလဲ "

ရှန်ကွမ်းရှင်းအာ မျက်မှောင်ကြုတ်ကာ မေးလိုက်၏။

" ဧကရီသခင်မ အကြီးအကဲတွေက ဒီနေရာကို ပြန်မရောက်သေးပါဘူး လမ်းခရီးမှာပဲ ရှိပါသေးတယ် "

ထို့နောက် ဂျောင်ဒိုရန်း အံ့ကြိတ်ကာ ဒေါသတကြီး ပြောလိုက်၏။

" သခင်မ ရွှမ်ယွမ်အင်ပါယာကို တိုက်ခိုက်ဖို့အတွက် အမိန့်ချပေးပါ "

" ဟုတ်တယ် ရွှမ်ယွမ်အင်ပါယာကို အလုံးလိုက်အရင်းလိုက် အင်အားစုတွေ အကုန်လုံး ဝင်တိုက်ပြီးတော့ ဖျက်ဆီးပစ်ရမယ် "

" ရွှမ်ယွမ်အင်ပါယာကို ဖျက်ဆီးဖို့အတွက် တရားဥပဒေစိုးမိုးရေးခန်းမကို ဦးဆောင်ပေးဖို့ ဧကရီသခင်မကို တောင်းဆိုပါတယ် "

ဂျောင်မိသားစုမှ ကျင့်ကြံသူများ အားလုံး ဒူးထောက်ချကာ တောင်းဆိုလိုက်ကြပြီး သူတို့၏ မျက်နှာတွင် မုန်းတီးမှုများ သိပ်သည်းစွာ ထွက်ပေါ်နေ၏။

ရှန်ကွမ်းရှင်းအာ သူမ၏ ခေါင်းမှာ ပို၍ ထိုးကိုက်သွားသည်။

ဂျောင်မိသားစု၏ တောင်းဆိုမှုကိုသာ သူမသဘောတူလိုက်ပါက ရွှမ်ယွမ်အင်ပါယာနှင့် သူမ၏ကြားတွင် ညှိနှိုင်း၍ရမည် မဟုတ်တော့ချေ။

ထိုအချိန်သို့သာ ရောက်သွားလျှင် သူမနှင့် ဖန်ရှောင်ယု နှစ်ဖက် မုန်းတီးမှုများက ပိုမို၍ ကြီးမားသွားမည်ဖြစ်ပြီး မည်သည့်အခါမှ ပြန်လည်၍ လက်တွဲနိုင်တော့မည် မဟုတ်ပေ။

" ဒီကိစ္စအတွက် ငါ့မှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်ရှိတယ်၊ မင်းတို့လုပ်ရမှာက မိုမိသားစုက အခုချိန်မှာ မရှိတော့ဘူး၊ မိုမိသားစု အခြေစိုက်ခဲ့တဲ့ ချူကျိုးမြို့ကို မင်းတို့ကို ပေးလိုက်မယ်၊ ချူကျိုးမြို့ကို အလျှင်အမြန် ထိန်းသိမ်းသိမ်းပိုက်ပြီးတော့ ဒီ့ထက်ပိုပြီး ခွန်အားမြင့်တက်အောင် ကျင့်ကြံကြ၊ ငါ့နောက်ထပ် ဘာအမှားအယွင်းမှ မကြားချင်တော့ဘူး "

ရှန်ကွမ်းရှင်းအာ ကျောင်မိသားစုအား အမိန့်ပေးလိုက်၏။

ကျောင်မိသားစု ထိုအချက်အား သဘောတူရန်မှလွဲ၍ အခြားမည်သည့်ရွေးချယ်စရာမှ မရှိချေ။ သို့သော် သူတို့၏ မျက်နှာများတွင် ဒေါသများကတော့ ပျောက်ကွယ်သွားခြင်းမရှိပဲ ပို၍ပင် များပြားလာသည်။

ရှန်ကွမ်းရှင်းအာ တိမ်တိုက်မြူခိုးနန်းတော်နှင့် ရွှမ်ယွမ်အင်ပါယာကြားမှ ပဋိပက္ခကို တတ်နိုင်သမျှ ပြင်းထန်မလာအောင် တားဆီးရန်အတွက် ကျောင်မိသားစုတွင် စီစဉ်စရာရှိသည်များ စီစဉ်ပြီးသည်နှင့် ချက်ချင်းထွက်ခွာသွား၏။

အနက်ရောင်အရိပ်သည်လည်း နတ်ဆိုးသခင်ရှောင်းရီနှင့် ကျန်ရှိသည့် ကမ္ဘာခြားနတ်ဆိုးများ အားလုံးကို ခွန်အားအလျင်မြန်ဆုံး ပြန်လည်ရရှိအောင် ကျင့်ကြံရန်အတွက် တိုက်တွန်းပြီး ရှန်ကွမ်းရှင်းအာနှင့်အတူ ပျောက်ကွယ်သွားသည်။

တစ်ခဏချင်းပင် ကျောင်မိသားစု ဘိုးဘေးနယ်မြေတစ်ခုလုံး အပ်ကျသံပင် မကြားရအောင် တိတ် ဆိတ်ငြိမ်သက်သွား၏။

ရှန်ကွမ်းရှင်းအာတို့အဖွဲ့ ထွက်ခွာသွားပြီး မကြာမီပင် ဘိုးဘေးနယ်မြေ၏ အနက်ရှိုင်းဆုံး တောင်တန်းများထဲမှ အလင်းတန်းများ တောက်ပလာပြီး ပုံရိပ်ပေါင်း မြောက်များစွာ ထွက်ပေါ်လာသည်။

" သခင်လေးချန် "

" မဟာအကြီးအကဲ "

ကျောင်ဒိုရန်းနှင့် အခြားသူများအားလုံး ကမန်းကတန်းပင် အရိုအသေပြုကာ ဦးညွှတ်လိုက်ကြ၏။

ထိုသူများအားလုံးမှာ ချင်းချန်နှင့် ကျောင်ဒိုဝမ်တို့အဖွဲ့ဖြစ်သည်။

တကယ်တော့ သူတို့ လွန်ခဲ့သည့် တစ်ရက်တည်းက ဂျောင်မိသားစုသို့ ပြန်လည်ရောက်ရှိနေခြင်း ဖြစ်၏။ သို့သော် ဤနေရာတွင် ပေါ်ပေါက်လာခြင်းမရှိပဲ အဝေးမှနေ၍ ပုန်းအောင်းကာ ဤနေရာရှိ တိုက်ပွဲကို စောင့်ကြည့်နေကြသည်။

ထို့ပြင် ဤဘိုးဘေးနယ်မြေထဲတွင် ရှေးဟောင်းအော်ရာများက အလွန်သိပ်သည်းလှသောကြောင့် ဟင်းလင်းပြင် ကျောက်စိမ်းပြားထဲ၌ ပုန်းအောင်းနေသော ချင်းချန်အား ဖန်ရှောင်ယုနှင့် ရှန်ကွမ်းရှင်းအာတို့ တွေ့ရှိနိုင်ခဲ့ခြင်း မရှိပေ။

တိုက်ပွဲပြီးဆုံးပြီး လူများ မထွက်ခွာခင် သူတို့ လုံးဝ ပြန်ပေါ်လာခြင်း မရှိပေ။

" သခင်လေးချန် ခန့်မှန်းထားတဲ့အတိုင်းပဲ လုံးဝကို ကွက်တိကျနေတယ်၊ ရှန်ကွမ်းရှင်းအာက မိုမိသားစုနယ်မြေကို ကျွန်တော်တို့ ဂျောင်မိသားစု သိမ်းပိုက်ဖို့ ပြောခဲ့ပါတယ် "

" ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ "

ဂျောင်ဒိုရန်း စိတ်အားထက်သန်စွာဖြင့် ချင်းချန်အားကြည့်ကာ မေးမြန်းလိုက်၏။

ထို့နောက် ချင်းချန်အား သူ အချိန်အတော်ကြာအောင် စိုက်ကြည့်နေခဲ့လိုက်သည်။

ထိုကောင်လေး၏ ခွန်အားမှာ အလွန် သန်မာလှသလို သူ၏ ဉာဏ်ရည်ဉာဏ်သွေးက အလွန်ပင် ကြောက်မက်ဖွယ် ကောင်းလောက်အောင် တွက်ချက်နိုင်စွမ်း ရှိသည်။

" ဟား ဟား ဒါဆိုရင် ရှန်ကွမ်းရှင်းအာ ပြောတဲ့အတိုင်း မိုမိသားစု

နယ်မြေတွေကို သိမ်းပိုက်လိုက်ရုံပေါ့၊ ကျန်တာကတော့ သိပ်ပြီး စိတ်မပူနဲ့ အခု ငါတို့ကျောင်းမိသားစုကလည်း တော်တော်လေးကို ဒီတစ်ခေါက်မှာ ဆုံးရှုံးမှုများထားတယ်၊ ခွန်အားကို အမြန်ဆုံး သန်မာလာအောင် လုပ်ပြီးတော့ တရားဥပဒေ စိုးမိုးရေးခန်းမမှာ ထိပ်သီးခေါင်းဆောင် ရာထူးတွေကို ချုပ်ကိုင်ထားရမယ် "

ချင်းချန် မျက်လုံးမှေးစင်းကာ ပြောလိုက်၏။

" သခင်လေးချန် ငါတို့က ရွှမ်ယွမ်အင်ပါယာကို ထပ်ပြီးတော့ မတိုက်ခိုက်တော့ဘူးလား "

ကျောင်းဒိုဝမ်နှင့် ကျောင်းဒိုရန်းတို့ အံ့အားသင့်စွာ မေးလိုက်၏။

ရှန်ကွမ်းရှင်းအာနှင့် ဖန်ရှောင်ယုတို့၏ လက်ရှိအနေအထားကို ကြည့်ရလျှင် သူတို့နှစ်ဖက်လုံးက ဓားနှစ်ချောင်း ထိပ်တိုက်တွေ့ဆုံနေကြသည့်ပုံစံဖြစ်သည်။ မကြာခင် ထိုထိပ်သီးအင်အားစုကြီး နှစ်စုက ကြီးမားသောတိုက်ပွဲများကို တိုက်ခိုက်တော့မည်ဖြစ်၏။

ယခုလိုအချိန်တွင် ရွှမ်ယွမ်အင်ပါယာကို တိုက်ခိုက်ရန် ပို၍ ကောင်းမွန်သည်။

" မလုပ်နဲ့ "

ချင်းချန် လေးနက်သောအသံဖြင့် ခေါင်းခါရမ်းလိုက်၏။

" ဘာလို့လဲ "

လူတိုင်း ချက်ချင်းပင် အကြောင်းပြချက်ကို သိချင်သွားကြသည်။

သခင်လေးချန် အတွင်းများ အနည်းငယ် မှားယွင်းနေသည်လား။

" ကိစ္စတွေက ဒီလောက်ရိုးရှင်းခြင်း မရှိတော့ဘူး၊ ရှန်ကွမ်းရှင်းအာနဲ့ ဖန်ရှောင်ယုကြားက ပဋိပက္ခတွေက ပြင်းထန်လာပေမဲ့ နှစ်ဖက်လုံးက တိုက်ပွဲ

ကို ရပ်တန့်လိုက်မယ့် အနေအထားမှာ ရှိတယ် "

" ဆက်လုပ်နေမယ်ဆိုရင် ငါတို့ကို ကျိန်းသေပေါက် သတိထားမိသွားလိမ့်မယ် "

ချင်းချန် ပြောလိုက်၏။

လူတိုင်း ထိတ်လန့်ကာ အံ့ဩသွားကြသည်။

သခင်လေးချန်က တစ်စုံတစ်ခုကို မှားယွင်းစွာ တွေးမိသွားသည်လား။

လက်ရှိ တိုက်ပွဲဖြစ်ပွားနေသည့် အင်အားစုကြီး နှစ်ခုလုံးက မည်ကဲ့သို့ ချက်ချင်း ရပ်တန့်မည်နည်း။

ထိုအရာက မည်သို့မှ မဖြစ်နိုင်ချေ။

" မင်းတို့တွေ လုပ်ရမှာက ငါပေးတဲ့ အမိန့်ကို နာခံဖို့ပဲ၊ ပြီးတော့ မင်းတို့ အားလုံးရဲ့ ပုံရိပ်ကို နှိမ့်ချပြီးတော့ မထင်မရှားသာနေကြ၊ ပြဿနာတွေကို ပိုပြီးတော့ မဖြစ်လာအောင် ကြိုးစား၊ အဓိကကတော့ ခွန်အားကို အမြန်ဆုံး မြှင့်တင်နိုင်ဖို့ပဲ "

ချင်းချန် လေးနက်စွာ ပြောလိုက်၏။

ရှန်ကွမ်းရှင်းအာနှင့် ဖန်ရှောင်ယုတို့ကြားက လျှို့ဝှက်ချက်ကို သူသာလျှင် သိသည်။

ဖန်ရှောင်ယုနှင့် ရှန်ကွမ်းရှင်းအာတို့က နှစ်ပေါင်းအတော်ကြာအောင် တစ်ယောက်၏ ပုံစံကိုတစ်ယောက် သိရှိနေကြသူများ ဖြစ်သည်။ သူတို့ နှစ်ယောက်လုံးက အရူးများ မဟုတ်ကြပေ။ တစ်စုံတစ်ခု မှားယွင်းနေပြီဆိုတာကို သိရှိမည်သာ ဖြစ်၏။ ဂျောင်မိသားစုသာ ဆက်၍လှုပ်ရှားလိုက်လျှင် ဖော်ထုတ်ခံရမည်မှာ ကျိန်းသေသည်။

ထိုအရာက ချင်းချန်၏ မူလရည်ရွယ်ချက် မဟုတ်ပေ။

ထို့ပြင် ရှန်ကွမ်းရှင်းအာနှင့် ဖန်ရှောင်ယုတို့၏ တိုက်ပွဲက ချင်းချန်အား အလွန်ထိတ်လန့်သွားစေသည်။

ထိုတိုက်ပွဲက ချင်းချန်အား ကြောက်ရွံ့မှုကို ဖြစ်ပေါ်လာစေ၏။

အပြည့်အဝ ပြန်လည်ပြင်ဆင်နိုင်ခြင်း မရှိမီ မိမိကိုယ်ကို ထုတ်ဖော်မပြော တော့ပေ။

ယခုအချိန်တွင် အရေးကြီးဆုံးမှာ မိမိအင်အားကို အမြန်ဆုံး မြှင့်တင်နိုင် ရန် ဖြစ်သည်။

ထို့ပြင် သူ ကောင်းကင်ဘုံ ဧကရာဇ်တောင်ကို ဝင်ရောက်သိမ်းပိုက်ပြီး နောက် မရေတွက်နိုင်သော အရင်းအမြစ်ပေါင်း မြောက်များစွာကို ရရှိခဲ့၏။

***